# အပိုင်း (၈)

## အခန်း (၁၆)
## အင်တာနက်

အရှေ့တောင်အာရှ နိုင်ငံတချို့မှာတော့ အင်တာနက် ရနိုင်ဖို့ နှောင့်နှေးတာတွေ ရှိချင်ရှိမယ်။ ဒါပေမဲ့ ကိုယ်ထင်ထားတာထက် ပိုပြီး မြန်မြန်ဆန်ဆန် ရချင်ရလာလိမ့်မယ်။ အင်တာနက်က သတင်းစာဆရာတွေ အတွက် အရေးပါတဲ့ တန်ဆာပလာတစ်ခုဖြစ်ပြီး အခုကိုပဲ နိုင်ငံအတော် များများမှာ သတင်းစာဆရာတွေဟာ အင်တာနက်ကို နိစ္စဓူဝ သုံးနေကြပါပြီ။ ဒီတော့ လောလောဆယ် ကိုယ့်သတင်းစာတိုက်နဲ့ ကိုယ့်မြို့မှာ အင်တာနက် မရနိုင်သေးပေမယ့်လည်း ဒါကို သုံးတတ်အောင်တော့ သင်ထားသင့်တယ်။ အများသုံးနေရာတွေဖြစ်တဲ့ စာကြည့်တိုက်၊ တက္ကသိုလ်နဲ့ 'အင်တာနက် ကဖေး' လို နေရာမျိုးတွေမှာ ကွန်ပျူတာကို သုံးနိုင်အောင်ပေါ့။

### အင်တာနက်ဆိုတာ ဘာလဲ

အစဦးမှာတော့ အင်တာနက်က ခက်ခဲရှုပ်ထွေးတယ်လို့ ထင်စရာပါပဲ။ ဒါပေမဲ့ မကြောက်ပါနဲ့။ ပထမတစ်ကြိမ် စသုံးဖူးလိုက်တာနဲ့ ထင်သလောက် မခက်ဘူးဆိုတာ တွေ့လာရမယ်။ အင်တာနက်ထဲက ကိုယ်လိုချင်တာ ရှာဖွေခြင်းကို နည်းနည်းကလေး လေ့ကျင့်လိုက်ရုံနဲ့ ကျွမ်းကျင်လာမှာပါ။

အင်တာနက်ဆိုတာ ကမ္ဘာနဲ့အဝန်း ကွန်ပျူတာကွန်ရက်ကြီးရဲ့ အစုအဝေးကြီး ဖြစ်ပါတယ်။ အဲဒီကွန်ရက်တွေကို ဖုန်းလိုင်းတွေ၊ ကေဘယ်ကြိုးတွေ၊ ဂြိုဟ်တုတွေအားဖြင့် ဆက်သွယ်ထားပါတယ်။ ဒါကြောင့် ဟိုးအဝေးကြီးက ကွန်ပျူတာထဲမှာ သိုမှီးထားတဲ့ အချက်အလက်တွေကို အင်တာနက်ကနေ တစ်ဆင့် ကိုယ်က ရယူနိုင်တာပေါ့။ အင်တာနက်ထဲမှာ World Wide Web လို့ဆိုတဲ့ အီးမေးလ်နဲ့ အုပ်စုဖွဲ့ဆွေးနွေးချက်တွေမျိုးလို မှတ်တမ်းမှတ်ရာတွေမျိုးလည်း ပါရှိပါတယ်။

အင်တာနက်ထဲကို ဝင်နိုင်ဖို့အတွက် အင်တာနက် service provider နဲ့တစ်ဆင့် ဆက်သွယ်ထားတဲ့ တယ်လီဖုန်းလိုင်း ရှိဖို့လိုတယ်။ ကိုယ့်ကွန်ပျူတာမှာလည်း Netscape Communicator လို၊ Microsoft Internet Explorer လို အင်တာနက် browser ရှိရမယ်။ အဲဒီအခါ ကိုယ်က



IMMF2.pmd 146 6/2/2547, 23:42

Web site ရဲ့ လိပ်စာသိထားတယ်ဆိုရင် browser ကိုသုံးပြီး အဲဒီ Web site ဆီ ဒါမှမဟုတ် မှတ်တမ်းမှတ်ရာဆီကို ဝင်ကြည့်နိုင်ပါပြီ။ တကယ်လို့ လိပ်စာ သိမထားဘူးဆိုရင်လည်း Alta Vista ဒါမှမဟုတ် Google တို့လို 'search engine' နဲ့ ရှာဖွေယူနိုင်ပါတယ်။ အဲဒီ site နှစ်ခုရဲ့ လိပ်စာက http://www.altavista.com နဲ့ http://www.google.com တို့ဖြစ်ပါတယ်။ ဘာသာစကား အတော်များများကို အသုံးပြုပြီး ရှာနိုင်ပေမယ့် အများဆုံးက တော့ အင်္ဂလိပ်စကားကိုပဲ သုံးကြပါတယ်။

## အင်တာနက်က မည်သို့ အထောက်အကူပြုသနည်း



*ဒီဆယ်စုနှစ်ပိုင်းများအတွင်းမှာ အင်တာနက်ဟာ သုတေသနနဲ့ သတင်းရေးသားခြင်းတို့မှာ တကယ်ပဲ အရေးကြီး လာပါတယ်။*

သိုမှီးထားတဲ့ သတင်းအချက်အလက် မြောက်မြားစွာကို အင်တာနက်က ပေးနိုင်ပါတယ်။ ဒါဟာ သတင်းစာဆရာများ အနေနဲ့ သတင်းအတွက် အချက်အလက်များသုတေသနပြုစုဆောင်းရာမှာ အင်မတန် အထောက်အကူ ဖြစ်စေပါတယ်။ Web site တွေထဲမှာ အစိုးရတွေ၊ တက္ကသိုလ်တွေ၊ ကုမ္ပဏီတွေ၊ ဘဏ်တွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း တွေ၊ နိုင်ငံရေးပါတီတွေ၊ ဆရာဝန်နဲ့ ရှေ့နေတို့လို ပညာရှင်အုပ်စုတွေ၊ ဟိုတယ်တွေ၊ စတိုးဆိုင်ကြီးတွေ၊ ဝါသနာတူ ပုဂ္ဂိုလ်တွေ ဖွဲ့စည်းထားတဲ့ ကလပ်အသင်းတွေ စသဖြင့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း အသီးသီးက ဖွင့်ထားတဲ့ site တွေ အများကြီးမှ အများကြီးပါ။ ဥပမာ ဖော်ပြရရင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (http://www.who.int/home-page/)၊ အာရှဖွံ့ဖြိုးမှု ဘဏ် (http://www.adb.org) နဲ့ ဗီယက်နမ် လေကြောင်းလိုင်း (http://www.vietnamair.com.vn) စသဖြင့်ပေါ့။ ပြီးတော့ ဗြိတိသျှစွယ်စုံကျမ်းကြီး (http://www.britannica.com) လို ရည်ညွှန်းကိုးကားပြုစရာ site တွေလည်း အများကြီး ရှိပါသေးတယ်။

သတင်းဌာန အားလုံးနီးပါးလောက်မှာ ၄င်းတို့ရဲ့ သတင်းတွေကို ဖော်ပြထားတဲ့ Web site တွေ ရှိကြပါတယ်။ အဲဒါတွေထဲမှာ Vietnam News Agency (http://www.vnagency.com)၊ ထိုင်းနိုင်ငံထုတ် Business Day (http://www.bday.net)၊ The Associatd Press (http://www.wire.ap.org)၊ Cable News Network (http://www.cnn.com) နဲ့ British Broadcast-



IMMF2.pmd 147 6/2/2547, 23:42

ing Corp. (http://www.bbc.co.uk) တို့လည်း အပါအဝင်ပါ။ ကမ္ဘာတစ်ဝန်းလုံးက သတင်းပေါင်း မြောက်မြားစွာရဲ့ စာရင်း ကို ကြည့်ချင်ရင်တော့ http://www.onlinenewspapers.com မှာ ကြည့်နိုင် ပါတယ်။

ဘန်ကောက်မှာ ရော့တ်ဝိုင်လာလို့ ခေါ်တဲ့ ခွေးမျိုးတစ်ကောင် ကိုက်လို့ သုံးနှစ်သမီးကလေးတစ်ဦး သေဆုံးသွားရတဲ့အခါ **သည်နေးရှင်း** သတင်းစာကြီးက သတင်းထောက်ဟာ နောက်ခံသမိုင်းကြောင်းကို သိရအောင် အင်တာနက်ထဲ ဝင်ရှာကြည့်ပါတယ်။ ဒီအခါမှာ စာဖတ်ပရိသတ်ကြီး ပိုပြီး နားလည်သဘောပေါက်အောင် အောက်ဖော်ပြပါ စာပိုဒ်ကို သတင်းထောက်က သူ့သတင်းထဲမှာ ထည့်သွင်းရေးသား ဖော်ပြနိုင်ခဲ့ပါတယ်။

*ရော့တ်ဝိုင်လာ ခွေးထီးများသည် ပခုံးအမြင့် ၆၀ မှ ၆၅ စင်တီမီတာ အထိရှိပြီး ၄၃ မှ ၆၁ ကီလိုဂရမ်ခန့်အထိ အလေးချိန်စီးသည်။ အဆိုပါ ခွေးမျိုးများသည် ၎င်းတို့၏ အရွယ်အစားနှင့်ယှဉ်လျှင် သူမတူအောင် ကြံ့ခိုင်ပြီး လူတစ်ယောက်ကို အလွယ်တကူပင် တွန်းလှဲပစ်နိုင်သည်။ ထို့ကြောင့် ကိုယ်ခန္ဓာသန်စွမ်းမှု မရှိသူများအနေဖြင့် သည်ခွေးမျိုး မမွေးသင့်ကြောင်း အမေရိကန် ရော့တ်ဝိုင်လာခွေးကလပ်အသင်း ဝက်ဘ် ဆိုက်မှာ ဖော်ပြထားသည်။*



**ခေတ်ပေါင်းပုံစံစာအုပ်ဆိုင်နဲ့ စာကြည့်တိုက်တွေကလည်း အသုံးဝင်ဆဲပါပဲ။**

အစိုးရဌာနတွေရဲ့ စီးပွားရေးလုပ်ငန်းတွေလို အဖွဲ့အစည်း အတော်များများကလည်း တန်ဖိုးရှိတဲ့ သတင်းအချက်အလက်တွေကို သူတို့ ရဲ့ Web site တွေမှာ ဖော်ပြပေးထား တတ်တယ်။ ဗီယက်နမ် နိုင်ငံမှာ အမေရိကန် ရဟတ်ယာဉ် တစ်စင်းပျက်ကျပြီး အမေရိကန် တပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးရတဲ့ အကြောင်း ကို ဟိုနိုလူလူမှာ အခြေစိုက်တဲ့ အမေရိကန် ပစိဖိတ် စစ်ဌာနချုပ် Web site ကနေတစ်ဆင့် ဟန္တိုင်အခြေစိုက် သတင်းစာ ဆရာတွေက ချက်ချင်း သိခဲ့ကြရပါတယ်။

အင်တာနက်ကနေ သတင်းအချက်အလက်တွေ ရယူတယ် ဆိုခြင်းရဲ့ အဓိကသော့ချက်ကတော့ ဝန်ကျဉ်းကျဉ်းနဲ့ ရှာဖွေစုဆောင်းနိုင်ဖို့ပါပဲ။



IMMF2.pmd 148 6/2/2547, 23:42

ဥပမာအနေနဲ့ သတင်းစာရှင်းလင်းပွဲတစ်ခုကို တက်ခဲ့ရတယ် ဆိုပါစို့။ သတင်းကလည်း သတ်မှတ်ချိန်အမီ ရေးပေးရမယ်။ ကိုယ်က ဗီယက်နမ်နဲ့ မြန်မာနိုင်ငံတို့ အရှေ့တောင်အာရှ နိုင်ငံများ အသင်းထဲ ဘယ်တုန်းက ဝင်ခဲ့ကြတာလဲဆိုတာ သိချင်နေတယ်။ ဒီအတွက် search engine တစ်ခုဖြစ်တဲ့ Google မှာဝင်ရှာတယ်ဆိုပါတော့။

ASEAN ဆိုတဲ့ Key word တစ်လုံးတည်းနဲ့ မကြာသေးခင်က ရှာကြည့်ခဲ့တဲ့အခါ ရလဒ် ၃၆၈၀၀၀ ရခဲ့ပါတယ်။ ဘယ် site မှာ အဖြေ ရှိတယ်ဆိုတာ ချက်ချင်း ရှင်းရှင်းလင်းလင်း မသိရဘူး။

ASEAN အပြင် Myanmar၊ Vietnam တို့ကိုပါ ထည့်ပြီး ဒုတိယအကြိမ် ထပ်ရှာကြည့်တဲ့အခါ ရလဒ် ၂၅၆၀၀၀ ရပါတယ်။ ဒါပေမဲ့ ရလဒ်တွေက များလွန်းနေသေးတယ်။

တတိယအကြိမ် ထပ်ရှာတဲ့အခါ အထက်က စကားသုံးလုံးအပြင် joined ကိုပါ ထပ်ပေါင်းပြီး ရှာကြည့်တော့ ရလဒ် ၂၀၇၀ ရတယ်။ ပထမရလဒ်မှာ အဖြေပါလာတယ်။ ဗီယက်နမ်နိုင်ငံက အာဆီယံကို ၁၉၉၅ ခုနှစ်မှာ ဝင်ခဲ့ပြီး မြန်မာနိုင်ငံက ၁၉၉၇ ခုနှစ်မှာ ဝင်ခဲ့ပါတယ်တဲ့။

တခြားသော search engine တွေလိုပဲ Google အမည်ရှိ search engine ဟာလည်း ကိုယ်ရှာဖွေတဲ့အကြောင်းအရာကို ဘာသာစကား၊ ရက်စွဲ၊ Web site အမျိုးအစားစသဖြင့် ပိုပြီး တိကျစွာဖော်ပြပြီး ရှာဖွေနိုင်ပါတယ်။ (Advanced Search၊ Help နဲ့ Search တို့ကို 'ကလစ်' လုပ်ပါ။)

တကယ်လို့ ကိုယ်က Web site အမျိုးမျိုးနဲ့ ကျွမ်းဝင်နေပြီးသားဆိုရင်တော့ ASEAN Secretariat ရဲ့ home page (http://www.asean.or.id) ကို ချက်ချင်း တန်းသွားနိုင်ပါလိမ့်မယ်။ အဲဒီမှာ အဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ အကြောင်းအရာတွေ ရှိပါတယ်။

## အီးမေးလ်နှင့် သတင်းစာရင်း

အီးမေးလ်သုံးပြီး ကမ္ဘာတစ်ဝန်းက ပညာရှင်တွေ၊ အစိုးရအရာရှိတွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းက လုပ်သားတွေနဲ့ တခြားသတင်းရင်းမြစ်တွေကို မေးခွန်းတွေ လှမ်းမေးနိုင်ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေထဲက အတော်များများကို တခြားနည်းလမ်းတွေနဲ့ စာရင် အီးမေးလ်နဲ့ မေးတာကမှ ပိုလွယ်ကောင်းလွယ်မှာမို့ပါ။ သူတို့က အဝေးကြီးမှာ၊ ဒါမှမဟုတ် ဖုန်းဆက်လို့ မရတဲ့အခါမျိုးမှာ၊ ဒါမှမဟုတ်လည်း လူချင်းတွေ့မေးဖို့ ဘယ်လိုမှ မလွယ်တဲ့အခါမျိုးမှာပေါ့။ ဒီအတွက် အခမဲ့ အီးမေးလ်တွေကို Web site တော်တော်များများမှာ ဖွင့်လို့ရပါတယ်။ ဥပမာ–Hotmail (http://



IMMF2.pmd 149 6/2/2547, 23:42

www.hotmail.com) နဲ့ Yahoo (http://www.yahoo.com) တို့မှာပေါ့။

ဘာသာရပ်တစ်ခုမှာ စိတ်ဝင်စားတဲ့ သတင်းစာဆရာများ အနေနဲ့လည်း listserv ဆိုတဲ့ အင်တာနက်သတင်းနဲ့ ဆွေးနွေးပွဲအုပ်စုတွေမှာ ဝင်ထားနိုင်ပါတယ်။ အဲဒီ listserv က အဖွဲ့ဝင်တိုင်းဆီကို အီးမေးလ် သတင်းတွေ မှန်မှန် ပို့ပေးပါတယ်။ အဲဒီသတင်းတွေထဲမှာ အဖွဲ့ဝင်များရဲ့ သဘောထားအမြင်နဲ့ အဲဒီအကြောင်းအရာ ဘာသာရပ်နဲ့ ပတ်သက်ပြီး တခြားက ဖော်ပြချက်တွေလည်း ပါဝင်တယ်။ ဥပမာ–ကိုယ်က ကမ္ဘောဒီးယားနိုင်ငံအကြောင်း စိတ်ဝင်စားတယ်ဆိုရင် Camnews မှာ (http://www.cambodia.org/news/index.html ကတစ်ဆင့်) ဝင်နိုင်ပါတယ်။ တကယ်လို့ မြန်မာနိုင်ငံအကြောင်း စိတ်ဝင်စားတယ်ဆိုရင်လည်း (http://www.burmanet.org ကတစ်ဆင့်) ဝင်နိုင်ပါတယ်။ ဘာမှ ပေးစရာမလိုပါ။

## သတိတော့ထားပါ

အင်တာနက်ထဲက ရတာတွေကို ကိုယ့်သတင်းထဲ ထည့်သုံးတဲ့အခါ တခြား သတင်းရင်းမြစ်တွေဆီက သတင်းတွေအပေါ် သတိထားသလိုပဲ သတိထားရပါမယ်။

ဒီ Web site ဟာ အားကိုးလောက်ရဲ့လား ဆိုတာ သေချာအောင် လုပ်ပါ။ အတော်များများ Web site တွေမှာပါတဲ့ သတင်းတွေက မတိကျတဲ့အပြင် ဘက်လိုက်တဲ့ သတင်းအချက်အလက်တွေ ဖြစ်နေတတ်တယ်။ တချို့ကို နိုင်ငံရေးနဲ့ တခြားအုပ်စုတွေက ဖွင့်ထားတာကြောင့် သူတို့အကျိုးအတွက် ဝါဒဖြန့်ချိတာတွေပဲ ဖြစ်နေတတ်တယ်။ တချို့ Web site တွေကျတော့လည်း ဖြစ်ကတတ်ဆန်း လုပ်ထားတာမို့ အားမထားလောက်ဘူးဆိုတာ ရှင်းပါတယ်။

ကိုယ်က အီးမေးလ်ကနေ မေးခွန်းတွေ မေးတဲ့အခါ ဘယ်သူက ကိုယ့်မေးခွန်းကို ဖြေပေးပါဆိုတာ သေချာပါစေ။ ပြီးတော့ အီးမေးလ် အပြန်အလှန် ပေးပို့ချက်များနဲ့ အုပ်စု ဆွေးနွေးချက်များက ပြောစကားတွေကို ကာယကံရှင်ရဲ့ ခွင့်ပြုချက် မရဘဲ သတင်းထဲ ထည့်မရေးပါနဲ့။



IMMF2.pmd 150 6/2/2547, 23:42